# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

## DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

ဗိုလ်ချုပ်ကြီးစောဘိုမြ (၁၉၂၇–၂၀၀၆)
ဗျာပန အခမ်းအနားသို့
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှပေးပို့သော သဝဏ်လွှာ

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့၊ နံနက်ပိုင်း၊ ရေဒီယိုသတင်းများကဆင့် ဗိုလ်ချုပ်ကြီးစောဘိုမြ ကွယ်လွန်သွားပြီ ဆိုသည့်သတင်းကိုကြားသိရပါသည်။

ကျန်ရစ်သူမိသားစုများ၊ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) အတွင်းရှိခေါင်းဆောင်များ၊ တပ်မှူးတပ်သားအဖွဲ့ဝင်များနှင့်ထပ်တူထပ်မျှကျွန်တော်တို့ပါတီဝင်ထုတစ်ရပ်လုံးကနှမြောတသကြေကွဲ ဝမ်းနည်းရပါကြောင်းဖော်ပြအပ်ပါသည်။

**‘ကျနော်တင်ပြလိုသည့်ကျနော့်ဖြတ်သန်းမှုအစစ်အမှန်’** စာအုပ်နိဂုံးပိုင်းတွင် ဗိုလ်ချုပ်ကြီးစောဘိုမြက – **“ကျနော်သည် ကရင်တယောက်အနေဖြင့် ရန်သူနှင့်ပတ်သက်ပြီး မည်သည့်အခါမျှ အရှုံးပေးမည်မဟုတ်။ ကျနော်ချစ်သည့် ရဲဘော်များနှင့်အတူ ကျနော့်ကို ချစ်မြတ်နိုးကြသည့် ကရင်လူထုအတွက်ဆက်လက်ပြီး တိုက်ဝင်သွားဖြစ်သည်”** ဟု ရဲရင့်တည်ကြည်စွာဖော်ပြခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးစောဘိုမြသည် အသက်ရှင်နေထိုင်စဉ်ကာလမှသည် နောက်ဆုံး ခရစ်တော်၌ငြိမ်းချမ်းစွာအနားယူသွားသည့် အချိန်ကာလပိုင်းအထိ ကရင်အမျိုးသားများအရေးနှင့်ဒီမိုကရေစီရေးအတွက်ထိုသို့သောရဲရင့်သည့်စိတ်ဓါတ်၊ ထိုသို့သောပြတ်သား သည့် ပိုင်းဖြတ်ချက်ဖြင့်နေပြသွားခဲ့သည်။

စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်ရေး၊ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့် ရှိရေးဦးတည်ချက်များအတွက် တိုက်ပွဲနေကြသော ကျွန်တော်တို့လူမျိုးပေါင်းစုံလူငယ်မျိုးဆက်သစ်များသည် ဗိုလ်ချုပ်ကြီးမြ ၏ ရဲရင့် သည့်စိတ်ဓါတ်၊ ပြတ်သားခိုင်ကြည်သည့် ပိုင်းဖြတ်ချက်များကို လေ့လာအတုယူကြရပေမည်။

မပြီးဆုံးသေးသော စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်ရေး၊ အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရေးတိုက်ပွဲများကိုလည်းအောင်ပွဲရသည်အထိပြတ်ပြတ်သားသားဆက်လက်တိုက်ပွဲဝင်သွားကြရပေမည်။

ကျွန်တော်တို့သည် ထိုသို့ တိုက်ပွဲဝင်ခြင်းဖြင့် ဗိုလ်ချုပ်ကြီးစောဘိုမြ ကိုသတိရအထိမ်းအမှတ်ပြုကြရပေမည်။

ဗိုလ်ချုပ်ကြီးစောဘိုမြ ငြိမ်းချမ်းစွာ အနားယူပါတော့

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဗဟိုဌာနချုပ်)
၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်။